# ပိုဇာလျှမ်းဝေ

ချစ်တစ်ခွန်းပဲ
ရင်မှာယှက်ခွဲပြီမို့

၁၀အုပ်မြောက်အထူးထုတ်



## (၁)

“အတိတ်မေ့သွားတာ ဆရာမရယ်”

ဖြူဖွေးသန့်စင်သော အိပ်ရာပေါ်တွင် မေ့မြောစွာလဲလျောင်းနေသော ဖြူဖြူသန့်သန့် နုနု ထွတ်ထွတ်လေး ချောမွေ့နေသော မိန်းကလေး၏ နားတွင်းသို့ ပထမဦးဆုံးဝင်လာသော စကားသံ သဲ့သဲ့။

အသိဉာဏ်တွေ စုစည်းမိလာသော ကာလ၊ နားထဲ၌ ပီပီပြင်ပြင်ကြားနိုင်သောကာလမှာ ထို အမျိုးသမီးချောလေး ထိုစကားစု ကို ပီပီပြင်ပြင် ကြားလိုက်ရပါသည် ။

“ဘယ်လိုကြောင့်များ အတိတ်မေ့သွားသလဲမသိဘူးနော် ဒေါက်တာ ”

“အေးဗျာ .. ခေါင်းက ဒဏ်ရာကြောင့် မေ့သွားတာ”

အလွန်စွဲမက်စရာကောင်းသော ကရုဏာသံကို ထပ်ဆင့်ပြီး မိန်းမ လှလေး ကြားလိုက်ရပြန် သည် ။ မှေးစင်းနေသော မျက်ဝန်းတွေကို တဖြည်းဖြည်းချင်း ကြိုးစား၍ ဖွင့်လိုက်ပါသည် ။

ပထမဦးဆုံး သူမမြင်လိုက်ရသည် က အသားလတ်လတ်နှင့် ချော မွေ့ယောကျ်ားပီသသော မျက်နှာတစ်ခု သူမအား ငုံ့မိုးကြည့်နေသည် ကို တွေ့လိုက်ရသည် ။

"မေသော် သတိရပြီလားဟင်"

သိမ်မွေ့ညင်သာသော လေသံနှင့် သူက မေးသည် ။ သူမက လေးလံနေသော မေးရိုးတွေကို အားယူပြီး သူ့ကို ပြန်မေးလိုက်ပါသည် ။

"မေသော်ဆိုတာ ဘယ်သူလဲဟင်"

ဂျူတီကုတ်အဖြူကို ဝတ်ဆင်ထားသော ကုပ်ပေါ်တွင် နားကြပ်ကို တင်ထားသော ဒေါက်တာ မင်းစောထွန်းက သွားဖြူလေးတွေ လှစ်ခနဲ ပေါ်အောင် ပြုံးလိုက်ပါသည် ။

"မေသော်ဆိုတာ အခုမေးလိုက်တဲ့ မိန်းကလေးပေါ့ဗျာ"

"ရှင်..."

မေသော်ဆိုသော မိန်းမလှလေး မျက်စိနှစ်လုံးလုံး ပြူးဝိုင်းသွားသည် ။

"မေသော်ဆိုတာ ကျွန်မနာမည်ဟုတ်လား"

"ဟုတ်ပါတယ်ဗျာ"

ဆရာဝန်က စိတ်ရှည်လက်ရှည် သူမအား ပြုံးပြုံးကြီးကြည့်ပြီး ဖြေသည် ။

"သေချာပါတယ်၊ ခင်ဗျားရဲ့ နာမည်က မေသော်ပါ"

ဖြူဝင်းသော အသားအရေပေါ်တွင် ထင်းနေသည် မျက်ခုံးနက်နက်ကို အတွန့်ချိုးပြီး မေသော်က ပြောလိုက်ပြန်သည် ။

"အို ... ကျွန်မ ဒီနာမည်ကို မကြားဖူးဘူး၊ ကျွန်မနာမည်ကော ဟုတ်ပါရဲ့ လားရှင်"

မေသော်က စိတ်ထဲတွင် ပြေးလွှား တွေးတောလိုက်ပါသည် ။ သူမ

၏ အသိအာရုံတွင် မေသော် ဆိုသောအမည်သည် လွန်စွာစိမ်းပြီး လွန်စွာ သူစိမ်းဆန်နေသည် ကို တွေ့ရှိလိုက်ရပါသည်။

ဦးနှောက်ထဲတွင် ဘာမှ ရှာဖွေ၍ မရသော ဗလာနယ်မှာ လူးလာခေါက်ပြန်တွေးတောပြီး ရှာဖွေ မိပါသည်။

"ဟုတ်တယ်၊ မေသော်ဆိုတာ ကျွန်မအသိထဲမှာ လုံးဝမရှိတဲ့ နာမည်ပါ"

ဒေါက်တာ မင်းစောထွန်းက ကြင်နာသော မျက်ဝန်းတွေနှင့် မေသော့်အား စိုက်ကြည့်လိုက် သည်။

"မေသော်ရဲ့ အသိထဲမှာ ရှာမတွေ့တာ သဘာဝကျပါတယ်၊ ဘာလို့လဲဆိုတော့ အတိတ်မေ့နေ တော့ ဘယ်မှာ ရှာတွေ့ပါ့မလဲ"

"အို..."

မေသော်က မျက်နှာကို လက်ဝါးဖြင့် အုပ်လိုက်သည်။ သူမ၏ တစ်ကိုယ်လုံး ဆတ်ဆတ်တုန် နေသည်။

"ကျွန်မကြောက်တယ်၊ ဘာမှ လဲ တွေးလို့ မရဘူး၊ ကျွန်မ ရူးသွားပြီလားရှင်၊ ကျွန်မရူးသွားပြီ ထင်ပါရဲ့ "

ကလေးငယ်လေးတစ်ဦးလို မထိန်းနိုင် မသိမ်းနိုင်ဘဲ မေသော်က ရှိုက်ကာ ရှိုက်ကာ ငိုကျွေး လိုက်ပါသည်။

"မေသော်..."

ညင်သာကြင်နာသော ခေါ်သံနှင့်အတူ မေသော်၏ မျက်နှာပေါ်က လက်သွယ်သွယ်လေးများ ကို ဖြည်းလေးစွာ ဖယ်ရှားခံလိုက်ရပါသည်။

"မငိုပါနဲ့ ဗျာ၊ ခဏလောက် ကျွန်တော့်ကို ကြည့်ပါဦး"

မေသော်၏ မျက်နှာနုနုလေး လက်ဝါးတွေ၏ အကာအကွယ်မှ ဖြည်း ဖြည်းလေး လွတ်သွား သည် ။

မျက်ရည်တွေဖြင့် လိမ်းကျံရွှဲနစ်နေသော မျက်နှာဖူးဖူးလေးကို ဒေါ က်တာမင်းစောထွန်းက ငုံ့ ကြည့်လိုက်မိပါသည် ။

ဖြူဖွေးသော မျက်နှာဖူးဖူး၊ ငို၍ နီရဲနေသော နှာသီးဖျား ချွန်မော့မော့ လေး၊ ထူထူပြည့်ပြည့် နှုတ်ခမ်းရဲရဲလေး၊ မည်းနက်ရှန်းလက်အရည်လဲ့ နေသော မျက်ဝန်းလှလှ၊ ထူထဲနက်မှောင်ကော့ရှုန်း နေသော မျက်တော င်လှလှ၊ သည် အလှတွေ စုစည်းထားသော မျက်နှာရှင်ကြောင့် ဒေါက် တာမင်းစော ထွန်း၏ နှလုံးသားရင်ပြင်မှာ လှိုက်ခါတုန်မောသွားရပါသ ည် ။

မခုန်သင့်၊ မခုန်ထိုက်သော သူ၏ နှလုံးသားကို မင်းစောထွန်းက အ သိစိတ်ဖြင့် အုပ်မိုးလိုက် ရပါသည် ။

“မေသော် မရူးပါဘူးကွယ်၊ ခေါင်းမှာ တစ်စုံတစ်ရာနဲ့ ထိခိုက်ပြီး ခေ တ္တအတိတ်မေ့သွားတာ ပါ”

“ဟင်...”

ပါးစပ်ဝိုင်းဝိုင်းလေး ဟလျက်ဖြင့် မေသော်က သူ့ကိုမော့ကြည့်နေပါ သည် ။

“ခု ... ခု ကျွန်မရဲ့ ဘဝကိုမမှတ်မိတာ ခဏဟုတ်လား ဒေါက်တာ”

“ဟုတ်ပါတယ်၊ တဖြည်းဖြည်း ပြန်ပြီး အတိတ်ကို သတိရလာမှာ ပါ ”

မေသော်က ဖြူဖွေးနေသော မျက်နှာကြက်ကို မော့ကြည့်ပြီး သက်ပြ င်းနက်နက် ရှိုက်လိုက်ပါ သည် ။

“တကယ်လို့ အတိတ်ကို ပြန်သတိမရတော့ဘူးဆိုရင်ကော ဒေါက်တာရယ်”

စိုးရိမ်ချောက်ချားစိတ်တွေ ရင်မှာ ဆူဝေ လာပြီး မေသော်က မေးလိုက်သည် ။ မင်းစောထွန်း က အားပေးနှစ်သိမ့်သောအပြုံးတွေဖြင့် မေသော့်အားကြည့်ပြီး ...

“သိပ်ပြီး စိုးရိမ်ကြောင့်ကြမဖြစ်နေပါနဲ့ ၊ မေသော်မှာ ခဏမေ့နေတဲ့ အတိတ်တွေကို အနီးကပ် နှိုးဆွပေးမယ့်သူ ရှိပါတယ်”

“ဟင် ... ဟုတ်လား ဒေါက်တာလား ဟင်၊ ကျွန်မနဲ့ ဒေါက်တာ အရင်က ခင်မင်ရင်းနှီးခဲ့သ လားဟင်”

လှဲ့လှဲ့ရွှန်းသော မျက်ဝန်း၊ တောက်ပ ဝင်းလက်သောမျက်နှာလေးဖြင့် မေသော်က လျှာ ခလုတ်တိုက်မတတ် မေးလိုက်သည် ။

“ကျွန်တော် မဟုတ်ပါဘူး၊ မေသော့်ကို အနီးကပ်စောင့်ရှောက်ဖေးမမယ့်သူဟာ ခင်ဗျားရဲ့ ခင်ပွန်းကိုယ်တိုင်ပါပဲ”

“ရှင် ...”

မေသော်၏ မျက်နှာကလေးက အံ့သြစွာနှင့် တည်ခနဲ ဖြစ်သွားသည် ။

“ကျွန်မမှာ ခင်ပွန်းရှိတယ်မဟုတ်လား”

“ဟုတ်ပါတယ်၊ ကဲ .. .ဆရာမ သူ့ရဲ့ ပိုက်ဆံအိတ် သူ့ကို ပြလိုက်ပါ”

မေသော်က ရုတ်တရက် သူမ၏ ဘယ်လက်ကို ငုံ့ကြည့်မိသည် ။ လက်သူကြွယ်ပေါ်တွင် ပြောင်ဝင်းနေသော လက်ထပ်လက်စွပ်တစ်ကွင်းကို တွေ့လိုက်ရသည် ။

လက်စွပ်လေးကို မှ င်တက်မိစွာငေးရင်း ခင်ပွန်းဆိုသူ၏ ရုပ်ပုံလွှာကို အပြင်းအထန် တွေးတော ရှာဖွေလိုက်မိပါသည် ။ ပိန်းပိန်းမှောင်နေသော အမှောင်ထုကြီးထဲမှာ လမ်းလျှောက်နေသလို သူမ ဘာမှ မတွေ့ခဲ့ပါ။

"ဒီမှာ မေသော်ရဲ့ အိတ်ပါ"

မိကျောင်းသားရေနက်ဖြင့် ချုပ်ထားသော တန်ဖိုးကြီးကြီး လက်ပွေ့အိတ်ကို မေသော် ကြောင်စိစိလေး ငေးနေမိသည် ။

"ဒီအိတ်က ငါ့အိတ်တဲ့ ၊ ငါ့စိတ်ထဲမှာ တော့ တစ်ခါမှ မမြင်ဖူးသလိုပဲ"

စိတ်ရှုပ်ထွေးစွာဖြင့် တွေးလိုက်မိပါသည် ။

"ဖွင့်ကြည့်လိုက်ပါဦး"

ဒေါက်တာ မင်းစောထွန်းက သူမကို တိုက်တိုက်တွန်းတွန်းလေး ပြောသည် ။ တုန်ယင်နေ သော လက်ချောင်းသွယ်သွယ်လေးများ ဖြင့် မေသော်က အိတ်ကို ဖွင့်လိုက်ပါသည် ။

ရွှေပုံနှိပ်စာလုံးဖြင့် ရိုက်ထားသော လိပ်စာကတ်ပြားတစ်ခုကို မေသော် အလျင်ဦးစွာ တွေ့ လိုက်ရပါသည် ။

ဦးစိုးထိုက်-ဒေါ်မေသော်ဆိုသော ရွှေရောင်ဖောင်းကြွစာလုံးလေးတွေ မေသော်၏ မျက်ဝန်း ရှေ့မှာ ပြေးလွှားသွားသည် ။

သူမ၏ အသိစိတ်တွင် လုံးဝစဉ်းစား၍ မရသော သူမ၏ ခင်ပွန်း အမည် ဦးစိုးထိုက်။ သည် အ မည်က လုံးဝကြီး သူမနှင့် သူစိမ်းပါ။ အသိအာရုံကို ပြန်လည်နှိုးဆွရင်း မူးမိုက်မတတ်ဖြစ်သွား သည် ။

သူမ၏ မျက်နှာရိပ်မျက်နှာကဲကို မလွတ်တမ်းလေ့လာသော မင်းစောထွန်းက အခြေအနေကို ဆရာဝန်ပီပီ ချက်ချင်းကြီးပင် သိလိုက်ပါသည် ။

“တွေးလို့ မရတာကို ဇွတ်နှစ်ပြီး မတွေးပါနဲ့ မေသော်၊ တဖြည်းဖြည်းတော့ ပြန်သတိရလာမှာ ပါ”

လိုက်လေ ဝေးလေ ပြေးလေဖြစ်သော သူမ၏ အတိတ်က တစ်ချိန်ချိန်တွင် သူမထံ ပြန်လာ မည်ဆိုသော စကားကြောင့် ပြင်းထန်နေသောစိတ်ကို မေသော် လျှော့ချလိုက်ပါသည် ။ သူမ၏ စိတ် အာရုံကို ပိုက်ဆံအိတ်ဆီသို့ ပြောင်းလိုက်သည် ။

အိတ်ထဲကို လက်နှိုက်ပြီး ထပ်မံရှာဖွေတော့ ငွေစက္ကူအချို့ နှုတ်ခမ်းနီတစ်တောင့်၊ ကရင် ပတ်(ဖ်) တစ်ဘူး၊ ရွှေရောင်ဖုံးနှင့် ရေမွှေးပုလင်းလေး၊ ပြီးတော့ .. ဝင်းလက်နေသော ရွှေဆွဲသီးတစ်ခု ကို တွေ့ရသည် ။

ဆွဲသီးလေးကို အနီးကပ်လှည့်ပတ်၍ ကြည့်လိုက်သည် ။ သည် ပစ္စည်းသည် သူမ၏ မူပိုင်ဆိုလျှင် မှတ်မိရမည်ဟု စဉ်းစားကြည့်မိသည် ။

“အဲဒီ ဆွဲသီးလေးကိုတွေ့လို့ ၊ လုံခြုံအောင်သိမ်းထားပေးပါတယ်၊ ဒါရှေးပစ္စည်းတစ်ခုပေါ့ နော်”

မေသော်၏ အကြည့်က ဖျတ်ခနဲ မင်းစောထွန်းထံသို့ ရောက်သွားသည် ။

“ကျွန်မမှ မမှတ်မိတာ၊ ဘယ်သိမှာ လဲရှင်”

“မေသော်က အလုပြင်ပစ္စည်းဆိုလျှင် မက်(စ်)ဖိုက်တာ အမျိုးအစားမှ ကြိုက်လို့ လား”

“အဲဒါလဲ ကျွန်မ မမှတ်မိဘူး ဒေါက်တာရယ်”

စိတ်ပျက် အားလျှော့သော လေသံနှင့် မေသော်က ဖြေလိုက်သည် ။

“မ ကြ ၁ခ ငံမ၂၁ မေသော်ရဲ့ ပဟေဠိဆန်နေတဲ့ ဘ၀က တိတိလင်းလင်းသိရတော့မှာ ပဲ၊ ခင်ဗျား ရဲ့ ခင်ပွန်း ဦးစိုးထိုက်ကို ဖုန်းနဲ့ ဆက်ပြီး အကြောင်းကြားထားပါပြီ”

“သူက အခု ဘယ်မှာ လဲဟင်”

“ဒီလိပ်စာ ကတ်ပြားက လိပ်စာအတိုင်း ရန်ကုန်ကို ဖုန်းဆက်ထားပါတယ်”

မေသော်က နားထင်ကို လက်ညှိုးလေးနှစ်ဘက်ဖြင့် ဖိလိုက်သည် ။

အခန်းဝန်းကျင်ကို ဝေ့ဝဲကြည့်လိုက်သည် ။ ဆေးရုံတစ်ရုံဖြစ်မှန်း အဆင်အပြင်ကို သိလိုက်

သည် ။ ဒါပေမဲ့ ဘယ်ဆေးရုံမှာ ရောက်နေသည် ကို စဉ်းစား၍ မရပါ။

“ဒေါက်တာရယ်၊ ခု ကျွန်မ ဘယ်ဆေးရုံမှာ ရောက်နေတာလဲရှင်”

“ဩော် အခု ကလောဆေးရုံမှာ လေ”

“ကလောကို ကျွန်မ ဘယ်လိုရောက်လာပါလိမ့်နော်”

မျက်ဆန်နက်နက်လေးနှစ်ခု စုပြီး တွေးသည် ။

“ကလော မရောက်ခင်က ဘယ်မှာ နေခဲ့တယ်ဆိုတာ မေသော် မှတ်မိနေလို့ လား”

အပြုံးတွေ လက်နေသော မျက်ဝန်းကို မော့အကြည့်မှာ မေသော် တွေ့လိုက်ရပါသည် ။

"ဟင့်အင်း"

"ဒါနဲ့ များ ကလောကို ဘယ်လိုရောက်နေလဲလို့ စိတ်ရှုပ်ခံပြီး တွေး နေသေးလားဗျာ"

မင်းစောထွန်းက တမင် အပြုံးအပျော် သဘောဖြင့် ပြောလိုက်သည်။ သည် တော့မှ မေသော် ၏ မျက်နှာမှာ လျှပ်တစ်ပြေးအပြုံးတစ်ခုကို သူ တွေ့လိုက်ရပါသည်။

"ကဲ...အနားယူဦးနော်၊ လိုတာရှိရင် တာဝန်ကျဆရာဝန် ဆရာမ တွေကို အကူအညီတောင်း နော်၊ ကျွန်တော် ဂျူတီပြီးလို့ ပြန်ပါဦးမယ်"

"ဟင်...ဒေါက်တာ ပြန်တော့မလား"

ခင်မေသော်က အလောသုံးဆယ် မေးလိုက်သည်။ မြင်မြင်ချင်း မင်း စောထွန်းကို အားကိုး ယုံကြည်စိတ်တွေ ကိန်းအောင်းနေသဖြင့် မင်း စောထွန်းကို သူမအပါးမှာ ပဲ ရှိစေချင်သည်။ အားငယ်စိတ်တွေ ကြီးစိုး နေ၍ တစ်ဦးတည်းသောအားကိုးရာအဖြစ် မင်းစောထွန်းကို မြင်နေမိ သည်။

"ခုည ပြန်ပြီး၊ မနက်ကျ ဂျူတီပြန်ဝင်မှာ ပါ"

"ဪ ... ဟုတ်ကဲ့"

"ကဲ...ဘာမှ အားမငယ်နဲ့ မေသော်၊ ကျွန်တော့်ကို မိတ်ဆွေရင်းတစ် ယောက်လို အားကိုးယုံ ကြည်နိုင်ပါတယ်"

မေသော်၏ ရင်ထဲမှာ ချက်ချင်းလိုပင် အားငယ်စိတ်တွေ လွင့်ပြေးသွားပါသည်။

"ကျေးဇူးပါပဲ ဒေါက်တာရယ်"

ကျောခိုင်းသွားသော မင်းစောထွန်း၏ ပခုံးကျယ်ကျယ်၊ မြင့်မား တောင့်တင်းသော ကိုယ်ခန္ဓာ ကို ကြည့်ရင်း မေသော် အတွေးတွေဖြင့် ကျန်ရစ်ခဲ့လေသည်။

*

## (၂)

ညက အိပ်ဆေးများ အကူအညီဖြင့် အိပ်စက်ခဲ့သော မေသော် ယနေ့ နံနက် နောက်ကျမှ နိုးပါသည် ။ တာဝန်ကျဆရာမလေးက သူမ မနိုးခင် ကတည်းက အနားသို့ ရောက်နေသည် ။

ဒေါက်တာ မင်းစောထွန်း၏ စေတနာတထောကြီးဖြင့် ပေးပို့ထားသော ကိုကိုးနှင့်ပေါင်မုန့် တို့ ကို မေသော်နိုးလျှင်စားရန် အသင့်ပြင်ထားသည် ။

မေသော်က အိပ်ရာမှ နိုးပြီး ဘေးဘီပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်လိုက်တော့ အလုပ်များ နေသော ထဘီနီဆရာမလေးကို တွေ့ရသည် ။

“ဟော … မမ နိုးပြီလား”

“နိုးပါပြီ ဆရာမရယ်”

“ဒါဆို မျက်နှာသစ်ပြီး ဟောဒီက ဒေါက်တာ မင်းစောထွန်း ပို့လိုက်တဲ့ နံနက်စာကို သုံး ဆောင်ပါဦးနော်”

“ဟင်…ဒေါက်တာက ပို့လိုက်တယ်၊ ဟုတ်လား”

“ဟုတ်ပါတယ်၊ ဟောဒီမှာ ဓာတ်ဘူးတစ်လုံးနဲ့ ကိုကိုး၊ ပြီးတော့ ပေါင်မုန့်ထောပတ်သုတ် ရော၊ စတော်ဘယ်ရီယိုသုတ်ရော”

မင်းစောထွန်း၏ ဂရုစိုက်မှု သိတတ်မှုကြောင့် မေသော်၏ ရင်မှာ ကြည်နူးလိုက်ဖြာရပါ သည် ။

“ဒေါက်တာကလည်း ဒုက္ခရှာလိုက်တာနော်”

“မမရဲ့ စားရေးသောက်ရေး ဒုက္ခရောက်မှာ စိုးလို့ သူက စိတ်ပူပြီး စီစဉ်ပေးတာပါ”

“ဒေါက်တာရဲ့ အမျိုးသမီးကတော့ အလုပ်ပိုတွေ လုပ်ရလို့ စိတ်ဆိုးတော့မှာ ပဲ”

သူနာပြုဆရာမလေးက မေသော့်စကားကြောင့် ပြုံးလိုက်သည် ။

“ဟို! ... မမ၊ ဟိုးထား ... ဒေါက်တာက မိန်းမမရှိသေးဘူး၊ ကြားသွားလို့ လူပျိုကြီး စိတ် ဆိုးနေပါဦးမယ်”

“မေသော်၏ ပါးစပ်လေး ဝိုင်းသွားသည် ။ လက်ကလေးတကာကာဖြင့် ဆရာမကို တောင်း ပန်လိုက်သည် ။

“ဟို ... ကျွန်မ မသိလို့ ပါနော်၊ ဒေါက်တာ့ကိုလည်း သွားမပြောလိုက်ပါနဲ့ ၊ ရှိနေတဲ့ စေတနာလေးတွေ ခန်းသွားပါဦးမယ် ဆရာမရယ်”

မေသော်၏ အပြောကို သဘောကျစွာနှင့် ဆရာမလေးက ရယ်လိုက်သည် ။

ဘာကြောင့်မှန်းမသိ၊ မင်းစောထွန်းကို လူပျိုလူလွတ်ဆိုတာ သိလိုက်သည် နှင့် မေသော်၏ ရင်ထဲမှာ ဝမ်းသာကျေနပ်မှုလေးတစ်ခု လင်းလက်သွားသည် ။ မျက်နှာသစ်ရင်း မင်းစောထွန်းအကြောင်းတွေ တွေးမိသည် ။

“အို .. ငါဘာတွေတွေးနေပါလိမ့်၊ ငါ့မှာ ပိုင်ဆိုင်သူခင်ပွန်းရှိရဲ့ သားနဲ့

”

ကိုယ့်လိပ်ပြာ ကိုယ်မလုံစွာနှင့် ရှက်ရှက်ကြီး အတွေးကို မောင်းထုတ်လိုက်ပါသည် ။

မသန့်စင်မရိုးသားစိတ်တွေကို ဖယ်ရှားပစ်လိုက်နိုင်ပေမယ့် ခင်မင်အားကိုးစိတ်ကိုတော့ မလျှော့သွားစေလိုက်ပါ။

“ကဲ ...မျက်နှာသစ်ပြီးရင် အလှူရှင်ကျေနပ်အောင် သုံးဆောင်လိုက်ပါဦးနော်”

ဆရာမလေး လှမ်းလင့်ပေးသော ကိုကိုးနှင့်ပေါင်မုန့်ကို မေသော်က နှစ်ခြိုက်စွာ စားသောက် လိုက်ပါသည် ။ သူမအပေါ် စာနာဂရုစိုက်လွန်းသော မင်းစောထွန်းကို ပို၍ ကြည်ညိုလေးစား ခင်မင် မိလေသည် ။

စားသောက်ပြီး ခုတင်ပေါ်တွင် ထိုင်ရင်း မေသော်၏ အကြည့်က လက်ထပ်လက်စွပ်လေး ပေါ်သို့ ရောက်သွားသည် ။ လက်စွပ်ကိုချွတ်၍ ကြည့်နေမိသည် ။

“လက်စွပ်က ငါနဲ့ နည်းနည်းချောင်နေတယ်၊ ဒါငါ့လက်စွပ် ဟုတ်ရဲ့လား”

သံသယမျက်ဝန်းများ နှင့် လက်စွပ်ကို လှည့်ပတ်ကြည့်ပြီး အဖြေရှာမိသည် ။

“ငါလက်ထပ်ထားတဲ့ ဦးစိုးထိုက်ဆိုတာ ဘယ်လိုလူများ ပါလိမ့်၊ ငါက ရန်ကုန်မှာ ရှိသင့် တာ ဘာကိစ္စကြောင့် ကလောကို ရောက်ရတာလဲ”

မေသော်က သူမ၏ ဦးနှောက်လေး ပွင့်ထွက်မတတ် တွေးတောနေမိသည် ။ တွေးလေဝေးလေ ခေါင်းထဲမှာ မူးမိုက် လာလေမို့ ဆက်မတွေး

တော့ဘဲ အိပ်ရာပေါ် ပြန်လှဲပြီး မျက်လုံးကို ပိတ်ထား လိုက်သည် ။

“ငါ့ရဲ့ ခင်ပွန်းဆိုတဲ့ သူကိုပဲ မြန်မြန် တွေ့ချင်လှပါပြီ”

သူမ အသိအာရုံတွင် ပျောက်ဆုံးနေသော ဦးစိုးထိုက်အား အားကိုးတကြီး တမ်းတလိုက်ပါ သည် ။

လက်ကောက်ဝတ်ဆီသို့ ညင်သာသော အတွေ့အထိတစ်ခု ထိကပ်လာသည် ။ မေသော်က မျက်လုံးကို ဖျတ်ခနဲ ဖွင့်ကြည့်လိုက်သည် ။

မျက်နှာထား ကြည်ကြည်ချိုချိုဖြင့် သွေးစမ်းနေသော ဒေါက်တာမင်းစောထွန်းကို တွေ့ရ သည် ။

“ဩော်…ဒေါက်တာ”

မေသော်က အပြုံးတစ်ခု တုံ့ပြန်ပြီး နှုတ်ဆက်လိုက်သည် ။

“မေသော်…နေကောင်းတယ်နော်”

“ကောင်းပါတယ်၊ ဒါပေမဲ့ တွေးရင်လေ ခေါင်းထဲက မူးမူးလာတယ်”

“မတွေးပါနဲ့ မေသော်ရယ်၊ တဖြည်းဖြည်း အလိုအလျောက် မေသော်ကောင်းသွားမှာ ပါ၊ သိပ်ပြီး တွေးရင် ဦးနှောက်ပင်ပန်းပြီးနေမကောင်းဖြစ်ပါဦးမယ်”

“ဒေါက်တာရယ် စားစရာတွေပို့ပေးတာ ကျွန်မဖြင့် ဘယ်လိုကျေးဇူးတင်မှန်းမသိပါဘူးရှင်”

မင်းစောထွန်းက နှုတ်ခမ်းလေး တွန့်ရုံ ပြုံးလိုက်သည် ။ စွဲမက်ဖွယ်ရာ မျက်နှာချောချောကို မေသော် ငေးခနဲ ကြည့်နေမိသည် ။

“မေသော့်ကို ပို့မယ့်သူမှ ခုလောလောဆယ် မရှိသေးတာ၊ မေသော့်ကိုခင်မိတဲ့ ကျွန်တော်ပဲ တာဝန်ယူပြီး ပို့ပေးရမှာ ပေါ့ ဟုတ်လား”

“ဒေါက်တာနဲ့ တွေ့ပေလို့ သာပေါ့၊ နို့မို့ဆို ကျွန်မအဖြစ်က ရင်လေးစရာပဲ”

“ကျွန်တော်တို့ ဆေးရုံက ဘယ်လူနာမျိုးမဆို ကျောသားရင်သား မခွဲခြားဘဲ စောင့်ရှောက်ပါတယ် မေသော်”

“ဒါပေမဲ့ ဒေါက်တာက ပိုပြီး စေတနာထက်သန်တယ်မဟုတ်လား”

“ခုလို ပြောင်ချီးကျူးလို့ ရှက်ကျေးဇူးတင်ပါတယ်ဗျာ”

မင်းစောထွန်းရဲ့ ဟာသစကားလေးကြောင့် မေသော် ပြုံးလိုက်မိပါသည် ။

“ဒေါက်တာရယ်၊ ကျွန်မရဲ့ ခင်ပွန်းဆီက ဘာမှ အကြောင်းမပြန်ဘူးလားဟင်”

စိတ်ပျက် အားငယ်စွာနှင့် မေသော်က မေးလိုက်သည် ။

“ကျွန်တော် ဖုန်းဆက်ပြီးပါပြီ၊ ခရီးထွက်နေတယ်ဆိုလို့ ပြန်ရောက်ရောက်ချင်း အကြောင်းကြားဖို့ သူ့အိမ်ကို မှာ ထားပါတယ်”

“ဒေါက်တာရယ်၊ ကျွန်မ ဆေးရုံကို ဘယ်လိုရောက်လာတာလဲဟင်”

“မေသော့်ကို ခေါင်းမှာ သွေးတွေနဲ့ လမ်းပေါ်လှောက်သွားနေတာ တွေ့လို့ ရွာသူ လင်မယားက ဆေးရုံကို လာပို့တာလေ မမှတ်မိဘူးလား”

တမင်ရောဂါအခြေအနေကို သိလို၍ မင်းစောထွန်းက မမှတ်မိဘူးလားဟု မေးလိုက်သည် ။

“ကျွန်မ ဘာမှ မမှတ်မိပါဘူး ဒေါက်တာရယ်”

“မမှတ်မိရင် ကျွန်တော် သိသလောက် ပြောပြမယ် နားထောင်မလား”

“သိပ်နားထောင်ချင်တာပေါ့ ဒေါက်တာရယ်”

“တောင်သူ လင်မယားနှစ်ယောက်ရဲ့ ကြားမှာ မေသော်က ဆေးရုံကို အူကြောင်ကြောင်လေး နဲ့ ရောက်လာတယ်၊ မေသော်ရဲ့ လက်ထဲမှာ ပိုက်ဆံအိတ်တစ်လုံးကို မြဲမြဲကိုင်ထားတယ်”

“သူတို့ က ကျွန်မကို ဘယ်မှာ တွေ့တာတဲ့ လဲဟင် ...”

“မြို့စွန်က လမ်းမကြီးပေါ်မှာ တဲ့ ဒယီးဒယိုင်နဲ့ သွားနေတာတွေ့လို့ လှည်းပေါ်တင်ခေါ်ခဲ့ကြ တာတဲ့ ၊ ဘာမှ မေးလို့ လဲမရဘူးလို့ ပြောကြတယ်”

“ဟင် ..ဟုတ်လား၊ ကျွန်မ အဲဒါကိုလည်း မမှတ်မိဘူး”

“ဒါနဲ့ ပိုက်ဆံအိတ်ထဲက လိပ်စာကတ်ပြားတွေ့ပြီး မေသော်ရဲ့ ခင်ပွန်းဆီ တယ်လီဖုန်းဆက် လိုက်တာပါ”

“ဩော် ... သုံးလေးရက် ရှိတာတောင် သူ့ဆီက အကြောင်းမပြန်ဘူးတဲ့ လား”

မေသော်၏ ရင်ထဲမှာ ဝမ်းနည်းအားငယ်စိတ်တွေရော၊ ခံပြင်းစိတ်တွေပါ လှိုက်ဖြာသွား သည် ။

“မိန်းမတစ်ယောက်လုံး ဆေးရုံပေါ်မှာ သေကောင်ပေါင်းလဲ ဖြစ်နေတာတောင်မှ ဒီယောကျ်ားက လာမကြည့်ဘူးတဲ့ လား၊ ခရီးဝေးလို့ လူကိုယ်တိုင်မရောက်နိုင်တောင် ဖုန်းဆက်ပြီး မေးဖော်မရဘူးလား၊ မိန်းမအပေါ်မှာ စိုးရိမ်ပူပန်စိတ်လေး မြူမှုန်လောက်တောင် မရှိတော့ဘူးတဲ့ လား”

မကျေမနပ်စိတ်တွေက ရင်ထဲမှာ အောင့်လောက်အောင် ဖြစ်နေပါသည် ။ တင်းမာခက်ထန်

နေသော မေသော်၏ မျက်နှာလေးကို မင်းစောထွန်းက စေ့စေ့ကြည့် နေသည် ။

"ဘာတွေ တွေးနေတာလဲ မေသော်"

"ကျွန်မ ယောက်ျားက ဘာလို့ အကြောင်းမပြန်လဲဆိုတာ စဉ်းစားနေ တာလ"

"အလုပ်တွေ များ နေလို့ မအားမလပ်လို့ နေမှာ ပေါ့ဗျာ"

"ဒါဆို ... ဒေါက်တာ့ကို တစ်ခုမေးမယ်"

"မေးဗျာ ...မေး"

"တကယ်လို့ လေ ... ဒေါက်တာရဲ့ ဇနီးဟာ ဆေးရုံမှာ ခုလိုရောက် နေရင် ဒေါက်တာ မလာဘဲ နေစိမ့်မလားဟင်"

မျက်နှာငယ်ငယ်လေးနှင့် တုန်ခိုက်သော လေသံဖြင့် မေသော်က မေးသည် ။ မင်းစောထွန်း၏ စိတ်ထဲ သိလိုက်ပါသည် ။ မေသော်၏ သူမ ၏ ခင်ပွန်းအပေါ် မကျေမနပ်ဖြစ်နေသည် လို့ ။

"ကျွန်တော့်မှာ မှ ဇနီးမရှိတာ မေသော်ရယ်"

အပြုံးမျက်နှာဖြင့် မင်းစောထွန်းက ဖြေသည် ။

"ဟုတ်ဘူးလေ ... စကားအဖြစ် ပြောတာ၊ ကျွန်မ မေးတာဖြေပါဦး ဒေါက်တာရယ်"

"စကားအဖြစ် ဖြေရမယ် ဆိုရင်တော့ သိပ်ပြီး မအားမလပ်လို့ လာမကြည့်နိုင်သေးလဲ အရေး ကြီးတဲ့ ကိစ္စတွေပြီးတာနဲ့ ဒုန်းစိုင်းပြီး ပြေးသွားမိမှာ ပေါ့၊ ဒါမှ မဟုတ် ဘယ်လောက်ပဲ ကိစ္စတွေ အ ရေးကြီးကြီး ပစ်ထားခဲ့ပြီး ပြေးလာရင် လာမှာ ပေါ့"

“ဟင် … ဒေါက်တာ့ အပြောကြီးကလဲ”

“ကဲပါ .. မေသော်ရယ်၊ တစ်ဖက်က ဘာဖြစ်နေမှန်း မသိသေးဘဲနဲ့ ကြိုတင်အပြစ်တွေမြင် ပြီး ဒေါသူပုန် ပွားမနေပါနဲ့ ဗျာ”

“ကျွန်မယောက်ျားဟာ ရက်စက်စိမ်းကားတဲ့ သူပဲ ထင်ပါရဲ့ ”

“အဖြစ်မှန် မသိသေးဘဲ ကြိုပြီး အပြစ်မတင်နဲ့ လေ၊ ငရဲကြီးတတ်တယ်”

အပြုံးအပျော်များ ဖြင့် ပြောပြီး မင်းစောထွန်းက မေသော်၏ အပါးမှ ထွက်ခွာသွားသည် ။

“ဟုတ်ပ့ါဗျာ၊ အဲသည့် ဦးစိုးထိုက်ဆိုတဲ့ လူက ဘယ်လိုလူပါလိမ့် စဥ်းစားစရာပဲ”

မေသော်၏ ဘက်ကလိုက်ပြီး မမြင်ဖူးသော ဦးစိုးထိုက်ကို မကျေမနပ်စိတ်လေး ဖြစ်မိပါရဲ့ ။

*

## (၃)

တစ်နေ့ဝင် တစ်နေ့ထွက်နှင့် တစ်ရက်ပြီးတစ်ရက် ကုန်ခဲ့ပါပြီ။ ဆေးရုံပေါ်တွင် တစ်ပတ်ခန့် ကြာအောင် နေခဲ့ရပေမယ့် လာခေါ်မည့်ခင်ပွန်းကို မျှော်လင့်ခဲ့ပေမယ့် ရောက်မလာခဲ့ပါ။

မေသော် စိတ်ဓာတ်တွေ ကျဆင်းနေပါသည် ။ ဦးစိုးထိုက်က သူမကို ဇနီးမယားတစ်ယောက် လိုမှ သတ်မှတ်သေးရဲ့ လားဟု တွေးမိသည် ။

မင်းစောထွန်း ရောက်လာသည် နှင့် မေသော်က သူ၏ မကျေနပ်မှုတွေကို ရင်ဖွင့်ရန် ဆုံးဖြတ် လိုက်သည် ။

"မေသော် ဘယ်လိုနေသေးလဲ ခေါင်းမူးသေးလား"

မျှော်တုန်းမျှော်ဆဲ မင်းစောထွန်း ရောက်လာသည် ။ ရေနစ်သူတစ်ယောက်လို မေသော်သည် သူ၏ မှောင်အတိကျနေသော ဘဝမှာ မင်းစောထွန်းလာလျှင် အားကိုးတကြီးတွယ်မိသော နွယ်တစ်ပင်ပါ။

"အတော်ပဲ ... ဒေါက်တာ လာတာနဲ့ "

"ဘာများ လဲ မေသော်"

"ကျွန်မ ဆေးရုံက ဆင်းလို့ ရပြီလားဟင်"

"ရပါပြီ၊ ဒါပေမဲ့ ဦးစိုးထိုက် လာခေါ်မှ ပြန်မလို့ မဟုတ်လား"

“ဟင့်အင်း … ကျွန်မဘာသာပဲ ဆေးရုံကဆင်းပြီး သူ့ဆီသွားမယ်”

“တစ်ယောက်တည်း ခရီးသွားလို့ မသင့်သေးဘူးထင်တယ်”

“သူက ဘယ်တော့လာမှာ လဲ၊ တစ်သက်လုံး မလာတော့ရင်တော့ ဒီအတိုင်း ကျွန်မ ဆေးရုံက ပဲ စောင့်နေရမှာ လားဟင်”

မကြည်လင်သော မျက်နှာအား စူပုပ်ပုပ်လေးဖြင့် မေသော်က ပြောလိုက်သည် ။

“မေသော် …သိပ်ပြန်ချင်နေပြီလား”

“ပြန်ချင်တာထက် ပြန်သင့်တာက ပိုမှန်ပါလိမ့်မယ်”

“ဒါဆို ဒီလိုလုပ်လေ၊ တစ်ရက်နှစ်ရက် အတွင်းမှာ ခွင့်နဲ့ ကျွန်တော်ရန်ကုန်ပြန်ရမယ်၊ မေသော့်ကိုပါ တစ်ပါတည်းခေါ်သွားမယ်၊ ကျေနပ်နိုင်မလား”

“အို … ဝမ်းသာလိုက်တာ ဒေါက်တာရယ်”

မေသော်၏ မျက်နှာလေးက အပြုံးတွေဖြင့် ဝင်းလက်သွားသည် ။

“ကဲ…စိတ်အေးအေး နေတော့နော်၊ ကျွန်တော် လူနာတွေ လှည့်ကြည့်လိုက်ဦးမယ်”

“ဟုတ်ကဲ့ ကျေးဇူးအထူးတင်ပါတယ် ဒေါက်တာရယ်”

မင်းစောထွန်းက လက်ကလေးပြပြီး သူမ အပါးမှ အပြုံးဖြင့် ထွက်သွားသည် ။

***

အဝတ်တစ်ထည် ကိုယ်တစ်ခုနှင့် ဖြစ်နေသော မေသော်အတွက်

မင်းစောထွန်းက အဝတ်အ စား နှစ်စုံ ဝယ်ခဲ့သည် ။

"အို...ကျွန်မအတွက် ဒေါက်တာ ဝယ်လာပေးတယ်ဟုတ်လား"

ဝမ်းသာအံ့ဩစွာနှင့် မေသော်က မေးလိုက်သည် ။ ပိုက်ဆံအိတ်ထဲက ငွေကို ပြေးရေတွက်မှ နှစ်ရာကျော် သုံးရာတည်းရှိတာမို့ မေသော် ဘာကိုမှ ဝယ်နိုင်သည့်အင်အားမရှိပေ။

နောက်ပြီး တန်ဖိုးကြီးမည်ထင်သော ဆွဲသီးအားလည်း ရောင်းရမှာ မရောင်းရဲ။ သူမကိုယ်ပိုင်ပစ္စည်း မဟုတ်ဘူး ဟူသော အသိက စိတ်မှာ စွဲနေသည် ။

"မေသော့်မှာ ဆေးရုံက ဆင်းရင် ဝတ်စရာမှ မရှိတာ"

"ဟုတ်ပါရဲ့ ခုတောင် ဆရာမက သူ့အဝတ်တွေ ပေးဝတ်ထားလို့ တော်သေးတာ"

ပွပွရောင်းရောင်းကြီးဖြစ်နေသော အင်္ကျီကို ငုံ့ကြည့်ရင်း ပြောမိသည် ။

"ည အိပ်ရေးဝအောင် အိပ်ထားနော်၊ မနက်စောစော ကလောက ထွက်မယ်"

"ဟုတ်ကဲ့ ဒေါက်တာ"

ပစ်ပယ်လွန်း နေစိမ့်လွန်းသော ခင်ပွန်းဆီသို့ ပြန်ရတော့မည်မို့ မေသော့် ရင်ထဲမှာ ခံစားမှုတွေ ရှုပ်ထွေးနေသည် ။ ဘာမှ သိနိုင်စွမ်း မရှိသေးသော အတိတ်ဘဝလေး သူမဆီ မြန်မြန်ပြန်လာတော့ဟု ဆုတောင်းခါခါ ပြုမိပါသည် ။

***

နောက်တစ်နေ့ နံနက်စောစော မင်းစောထွန်း၏ ဒက်ဆန်း ဆန်နီကားဖြင့် ကလောမြို့မှ ထွက်ခဲ့သည် ။ အစစအရာရာ လိုလေသေးမရှိအောင် ပြုစုစောင့်ရှောက်ပေးသော ကျေးဇူးတွေကို မေသော် ဘယ်လိုပြန်ဆပ်ရမှန်း မသိတော့ပါ။

ပြတင်းပေါက်မှ တိုးသောလေမှာ မေသော်၏ ဆံနွယ်လေးတွေက တလွင့်လွင့် ဝဲပျံနေသည် ။ ဖြူစင်သောမျက်နှာဖူးဖူးလေးကို မင်းစောထွန်းက လှည့်ကြည့်လိုက်သည် ။

"မေသော့်စိတ်တွေ သိပ်လှုပ်ရှားနေလားဟင်"

"ဘာလို့ လဲမသိဘူး ဒေါက်တာရယ်၊ ကျွန်မစိတ်တွေက ကြောက်လန့်နေသလို ..."

"ဘာ လန့်စရာလို့ လဲကွယ်၊ မေသော့်ရဲ့ အိမ်ကို ပြန်မှာ ပဲ၊ နောက်ပြီး ကျွန်တော့်ကို ဒေါက်တာ လို့ မခေါ်ပါနဲ့ လားဗျာ"

"ဒါဆို ဘယ်လိုခေါ်ရမှာ လဲ..."

"ကိုမင်းစောထွန်းလို့ ပဲ ခေါ်ပါလား၊ ဒါကို ခေါ်ရတာမောရင် ကိုစောထွန်းလို့ ပဲ တိုတိုတုတ် တုတ် ခေါ်ပေါ့"

မေသော်၏ ပတ်ဝန်းကျင်က အကြည့်ကို သူ၏ မျက်နှာဆီသို့ ရွှေ့လိုက်သည် ။

"ကိုစောထွန်း ကျွန်မ အပေါ်မှာ ဘာလို့ သိပ်ကောင်းနေတာလဲဟင်"

"မေသော်ကို မြင်မြင်ချင်း ခင်လို့ ပေါ့"

"ကျေးဇူးတင်ပါတယ်၊ ကိုစောထွန်းသာ ကျွန်မဘေးမှာ မရှိခဲ့ရင်လေ ခုဖြစ်နေတဲ့ အခြေအနေကို ဘယ်လိုရင်ဆိုင်ရမှန်းတောင် မတွေးဝံ့တော့

ပါဘူး”

“မေသော်ရဲ့ အတိတ်တွေ ပြန်သတိရတဲ့ အထိ ကျွန်တော် ကူညီမယ် ဆိုတာ စိတ်ချနေပါဗျာ”

ကျေးဇူးတင်သော မျက်ဝန်းတွေနှင့် စေတနာရှင်သဘောကောင်း လေးကို မေသော် ကြည့်လိုက်ပါသည် ။

“အခု သွားနေတဲ့ လမ်းတွေကို သေသေချာချာ ဂရုစိုက်ကြည့်စမ်း မေသော်၊ ဒီလမ်းတွေကို မှတ်မိလား ရောက်ဖူးလား”

မေသော်က မျက်လုံးဝိုင်းဝိုင်းလေးနှင့် ပတ်ဝန်းကျင်ကို လေ့လာနေပါသည် ။ ပြီးတော့ တစ်ပြန် မျက်မှောင်လေးကုတ်ပြီး နက်နက်နဲနဲကြီး တွေးတောပါသည် ။ ဘာအဖြေကိုမှ မရပါ။ အားလုံး က သူမ၏ မြင်ကွင်းမှာ အစိမ်းမှ တကယ်အစိမ်းသက်သက်ပါ။

“ရောက်ဖူးလား မြင်ဖူးလား မေသော်”

“ဟင့်အင်း”

စိတ်ပျက်အားငယ်သော လေသံတိမ်တိမ်ဖြင့် ဖြေလိုက်ပါသည် ။

“စဉ်းစားလို့ မရရင် သိပ်ပြီး ဒုက္ခခံ စဉ်းစားမနေနဲ့ နော်၊ စိတ်ကို လျှော့ထားလိုက်ပါ မေသော်၊ အချိန်က ခင်ဗျားကို ကူသပေးသွားမှာ ပါ”

ဒီလို အတိတ်က ဖြစ်ရပ်တွေကို လက်လှမ်းမမီလေ၊ မေသော်၏ ရင်မှာ စိမ်းကားလွန်းသော ရက်စက်လွန်းဟန်ရှိသော ခင်ပွန်းသည် ကိုသာ မကျေမနပ်သည့် စိတ်တွေ ဆူဝေသွားသည် ။

ဝမ်းနည်းစိတ်တွေ ရင်ထဲမှာ ပြည့်သိပ်လာသည် ။ ဒီစိတ်က မျက်ဝန်းနက်နက်ကို မျက်ရည် ကြည်ဖြင့် လက်ဖြာစေပါသည် ။ မျက်ဝ

န်းထဲမှာ ပြည့်အိုင်လာသော မျက်ရည်တွေ ပါးပြင်မို့မို့သို့ လိမ့် မဆင်းမီ မျက်ခမ်းလေး တစ်ဝိုက်မှာ ပဲ ရပ်တန့်ပစ်လိုက်သည် ။

ရက်စက်စိမ်းကားလွန်းသူ ခင်ပွန်းသည် အတွက် မေသော် မငိုပါဘူး လေ၊ မငိုမိအောင်လည်း နေလိုက်ပါမယ်။

"မေသော်ရေ သာစည်မှာ ညအိပ်မယ်နော်"

"ဩော်...ကိုစောထွန်းရယ်၊ ကျွန်မက ရှင် သနားပြီးခေါ်လို့ လိုက်လာတဲ့ သူပါ၊ အဆင်ပြေသလိုသာ ကြည့်စီစဉ်ပါ"

"ဟာဗျာ မေသော်ကလည်း ဘာလို့ စိတ်မကောင်းစရာတွေ တွေးနေပြန်ပြီလဲ"

"အခုချိန်မှာ ကျွန်မ ဘယ်လို ပျော်နိုင်မှာ လဲရှင်၊ ခင်ပွန်းသည် တစ်ယောက်လုံးက ပစ်ပယ်ခံ ထားရတဲ့ အတိတ်မေ့ဝေဒနာသည် လေ"

"သူက မေသော်ကို ပစ်ထားတာ ဟုတ်ချင်မှ ဟုတ်မှာ ပါဗျာ၊ မေသော် ဆေးရုံတက်နေတာ သိချင်မှ သိမှာ ပါ"

"ဒါနဲ့ သူ့အိမ်က လူတွေကို သူလာရင် ပြောခိုင်းတယ်ဆို "

"တကယ်လို့ အိမ်ပြန်မရောက်သေးရင်ကော၊ ဒါမှ မဟုတ် တယ်လီဖုန်းကိုင်တဲ့ လူက မေ့ပြီး မပြောခဲ့ရင်ကော"

မေသော်၏ စိတ်ထဲ ဒွိဟတွေးလေးတွေ ဝင်လာသည် ။ မင်းစောထွန်း ပြောသလို ဖြစ်နိုင်သည် မို့ အမျက်သိုမိသောစိတ်ကို လျှော့လိုက်သည် ။

"မေသော်..."

မင်းစောထွန်းက ငေးငိုင်နေသော မေသော့်ကို ခေါ်လိုက်သည် ။

"ဘာလဲ ကိုစောထွန်း"

"မေသော်ကို တစ်ခု တောင်းပန်မလို့ "

"အို..ကိုစောထွန်းက ဘာအပြစ်တွေ ကျူးလွန်ခဲ့လို့ တောင်းပန်ရမှာ လဲဟင်"

"တခြားမဟုတ်ပါဘူး မေသော်ရယ် အတိတ်ကိုလည်း မတွေးနဲ့ ၊ အနာဂတ်ကိုလည်း မတွေးနဲ့ ဦး၊ အခုလက်ရှိ လတ်တလော အခြေအနေလေးမှာ ပဲ စိတ်ချမ်းသာအောင် နေပါနော်"

"ဩော် ... ကိုစောထွန်းရယ် ဘာလို့ ကျွန်မအတွက် ရှင် ဒါလောက် လိုက်ပြီး ပူပန်ပေးနေတာ လဲဟင်"

"မေသော့်ကို မြင်မြင်ချင်း ခင်တယ်၊ ကူညီချင်တယ်၊ မေသော် စိတ်ချမ်းသာတာကိုပဲ မြင်ချင် လို့ ပေါ့"

"ကျေးဇူး...ကျေးဇူးတွေ အထပ်ထပ်ပါပဲ ကိုစောထွန်းရယ်"

ကာမပိုင် ယောကျ်ားရှိပြီးသား မိန်းကလေးပေါ် သဒ္ဒါလွန်မိသည့် မင်းစောထွန်း ဒုသနသော ပြစ်မှုမှ ကင်းလွတ်အောင် ညီမရင်းလေး တစ်ယောက်လိုပဲ ခင်တွယ်စောင့်ရှောက်မည်ဟု စိတ်ကူး ဆုံးဖြတ်လိုက်သည် ။

"မေသော့်ကိုလေ ဒီနေ့ကစပြီး ကျွန်တော့်ရဲ့ ညီမလေးအရင်းလေးလို စောင့်ရှောက်မယ်"

အားကိုးခင်တွယ် ကျေးဇူးတင်လွန်းသော မျက်ဝန်းတွေဖြင့် မေသော် သူ့ကို ကြည့်လိုက်ပါ သည် ။

သာစည်တွင် ထိုနေ့က တည်းခိုခန်း၌ပင် ညအိပ်တည်းခိုခဲ့ပါသည် ။

*

## (၄)

နောက်တစ်နေ့ နံနက်စောစော သာစည်မှ ထွက်ခဲ့သည် ။ တစ်လမ်းလုံး မင်းစောထွန်းက မေသော် စိတ်ရွှင်လန်းအောင် ရောက်တတ်ရာရာ စကားတွေနှင့် ဟာသလေးတွေစွက်ပြီး ဖျော်ဖြေခဲ့ပါသည် ။

မေသော်သည် ခင်စရာကောင်းသော မင်းစောထွန်းအပေါ် ခင်မင်မှု သံယောဇဉ်တွေ ပို၍ တိုး ခဲ့ပါသည် ။

“အခုမှ တွေ့ရပေမယ့် ကိုစောထွန်းကလေ ကျွန်မရဲ့ သိပ်ကိုအားကိုးရပါတဲ့ မိတ်ဆွေရင်း ကြီးပါရှင်”

ရင်ထဲက လှိုက်လှိုက်လှဲလှဲနှင့် မေသော်က ပြောလိုက်သည် ။

မေသော်ထံမှ ခင်မင်မှုကို ကျေကျေနပ်နပ်ကြီး မင်းစောထွန်း ခံယူလိုက်ပါသည် ။

“မေသော်ရေ မေသော်ရဲ့ အိမ်နားရောက်ခါနီးပြီ၊ လမ်းတွေ မှတ်မိလား ကြည့်ပါဦးကွယ်”

မေသော်က လေးလေးနက်နက်ကြီး သတိထားပြီး ကြည့်မိပါသည် ။ လေ့လာမိပါသည် ။ ဒါပေမဲ့ သူ၏ အသိဉာဏ် ကွက်လပ်လေးမှာ ဘာမှ ပြည့်မလာပါ။ လစ်လပ်နေသော ကွက်လပ်တွေကို ဘယ်လိုမှ ဖြည့်ဆည်းနိုင်စွမ်းမရှိပါ။

“ကျွန်မ ဘာမှ မသိခဲ့သလိုပဲ ကိုစောထွန်းရယ်”

ဝမ်းနည်းတုန်လှိုက်နေမိသော လေသံသဲ့သဲ့ မေသော်ထံမှ ထွက်လာခဲ့ပါသည် ။

မင်းစောထွန်းက ဘာမှ ဆက်မပြောတော့ဘဲ ကားကို ခြောက်မိုင်ခွဲရှိ ကျယ်ဝန်းသောခြံကြီးထဲ သို့ ဦးတည်မောင်းဝင်ခဲ့သည် ။

“ဟယ်…ခြံကြီးက ကျယ်လိုက်တာ၊ အဲဒါ ဘယ်သူ့အိမ်လဲဟင်”

“မေသော် မမှတ်မိပြန်ဘူးပေ့ါ”

“ဟင့်အင်း…”

“အဲဒါ … မေသော်ရဲ့ အိမ်လေ”

“ဟင်း…ဒါလောက်ကြီး ကျယ်ဝန်းခမ်းနားတဲ့ အိမ်ကြီးမှာ ကျွန်မနေတာ ဟုတ်လား”

“ဟုတ်ပ့ါဗျာ”

ကွန်ကရစ်ခင်းထားသော လမ်းကြောင်းမှ နေ နှစ်ထပ်တိုက်ကြီး၏ ဆင်ဝင်အောက်သို့ ဝင်ခဲ့ သည် ။ ကားကိုရပ်ပြီး မင်းစောထွန်းက ကားပေါ်မှ ဆင်းပြီး တိုက်ကြီး၏ လှေကားသုံးတစ်ကို တက်၊ လူခေါ်ဘဲလ်ကို တီးလိုက်သည် ။

ဘဲလ်သံကို မရှေးမနှောင်းမှာ ပင် သံဆွဲတံခါးဆီသို့ အသက်ငါးဆယ်ကျော်အမျိုးသမီးကြီး ရောက်လာသည် ။ ပုံသဏ္ဌာန်ကိုကြည့်ခြင်းအားဖြင့် အိမ်ဖော်မှန်း သိသာလှပသည် ။

“ဘယ်သူနဲ့ တွေ့ချင်လို့ ပါလဲရှင်”

ယဉ်ကျေးသိမ်မွေ့စွာ မေးသည် ။

"ဦးစိုးထိုက်နဲ့ တွေ့ပါရစေ"

"သူ မရှိပါဘူး၊ ကိစ္စရှိလို့ အပြင်ထွက်သွားတယ်"

"ဒါဆို သူပြန်လာထိ စောင့်ပါရစေ၊ ကျွန်တော်က ကလောက ဒေါက်တာ မင်းစောထွန်းပါ၊ ဖုန်းနဲ့ ရောက်လာမယ့်အကြောင်းကို ပြောထားပါတယ်"

"ဪ ... ဟုတ်ကဲ့"

သည် တော့မှ အိမ်ဖော်အမျိုးသမီးကြီးက သွက်သွက်တံခါးဖွင့်ပေးပါသည် ။

"ဝင်ပါ ... ထိုင်ပါနော်"

ပျူပျူငှာငှာနှင့် ဖိတ်ခေါ်လေသည် ။

" လာလေ .. မေသော်"

ငူငူငေးငေးဖြစ်နေသော မေသော့်ကို မင်းစောထွန်းက လှမ်းခေါ်လိုက်သည် ။

"ဒါ ... ငါ့အိမ်တဲ့ ၊ အို ငါတစ်ခါမှ ဒီကို မရောက်ဖူးသလိုပဲ"

ခမ်းနားထည်ဝါသော အိမ်ကြီးကို ကြည့်ပြီး သူမအိမ်ဆိုပေမယ့် မေသော် မဝင်ရဲ၊ မဝင်ဝံ့ အောင် ဖြစ်နေသည် ။

တန်ဖိုးကြီးကြီး ပစ္စည်းတွေဖြင့် ပြည့်လျှမ်းတန်ဆာဆင်ထားသော ဧည့်ခန်းကြီးက ထည်ဝါ ခံ့ညားလှသည် ။

"ဦးစိုးထိုက်က မှာ သွားပါတယ်၊ ဒေါက်တာတို့ လာရင် ကောင်းကောင်း ဧည့်ခံထားပါတဲ့ "

"ဪ .. ဟုတ်ကဲ့"

“ခဏထိုင်ပါဦးနော်၊ ကျွန်မ စားစရာတစ်ခုခု စီစဉ်ခဲ့ပါမယ်”

အိမ်ဖော်မိန်းမကြီးက ဧည့်ခန်းတွင်းမှ ကွယ်ပျောက်သွားသည် ။

“ဘယ်လိုလဲ မေသော်၊ ကိုယ့်အိမ် ကိုယ်ကော မှတ်မိရဲ့ လား”

“မမှတ်မိဘူး”

မျက်ရည်လေး ဝဲဝဲဖြင့် မေသော်က ဖြေသည် ။

“ကျွန်မ ဒီအိမ်ကမှ ဟုတ်ရဲ့ လား ကိုစောထွန်းရယ်”

“ဒါ .. ဦးစိုးထိုက် အိမ်ပဲ၊ မေသော်ရဲ့ အိမ်လည်း ဖြစ်ရမှာ ပေါ့”

“ဟို..ဟို အဒေါ်ကြီးက ကျွန်မကို မသိသလိုပဲနော်”

မင်းစောထွန်းက မျက်မှောင်ကုတ်ပြီး စဉ်းစားလိုက်သည် ။ မေသော်သည် ဒီအိမ်မှာ နေထိုင်ခဲ့ သူဖြစ်၍ အိမ်ဖော်အမျိုးသမီးကြီးက မုချမလွဲ မေသော့်ကို သိရပေမည်။ ဝမ်းသာအယ်လဲ ကြိုဆိုရပေ မည်။ ယခုတော့ မသိသလို သူစိမ်းဆန်လွန်းတာ မင်းစောထွန်း တွေ့ရသည် ။ လွန်စွာပ ဟေဠိ ဆန်နေ ပေသည် ။

“နေဦး၊ ကျွန်တော် စနည်းနာကြည့်မယ်၊ မေသော် အသာလေးနေ နော်”

“ဟုတ်ကဲ့ ကိုစောထွန်း၊ ကျွန်မ ငြိမ်ငြိမ်လေး နားထောင်နေမယ်”

စားစရာတွေ လင်ပန်းတစ်ချပ်နှင့် အဒေါ်ကြီးက ထွက်လာသည် ။

“သုံးဆောင်ပါဦး ဒေါက်တာ”

“ထိုင်ပါဦး အဒေါ်ရယ်”

မင်းစောထွန်းက မိုးတိုးမတ်တတ်နှင့်ဖြစ်နေသော အိမ်ဖော်ကြီးကို

ထိုင်ခိုင်းလိုက်သည် ။

"ဒီမှာ လေ ... ဦးစိုးထိုက်ရဲ့ ဇနီး ကလောဆေးရုံမှာ နေမကောင်းဖြစ်နေတာနဲ့ ကျွန်တော်ပဲ

ကုသပေးပြီး အခုအိမ်တိုင်ရာရောက် လိုက်ပို့ပေးတာပါ..."

"ဟင်..."

အဒေါ်ကြီး၏ မျက်လုံးနှစ်လုံးက ဆန်ကောကြီးတွေလို ဝိုင်းစက်စက် ။

"ကျွန်မ မသိလို့ ပါနော်၊ ဒီအိမ်မှာ ကျွန်မအလုပ်ဝင်တာ တစ်ပတ်ကျော်ကျော်ပဲရှိသေးတော့ ဆရာကတော်ကို မတွေ့ဖူးလို့ စိတ်မရှိပါနဲ့နော်"

ပျာပျာသလဲ အဒေါ်ကြီးက မေသော်ကို တောင်းပန်လိုက်သည် ။

"ကိစ္စမရှိပါဘူး"

"ဆရာကတော် နားမလားဟင်၊ အခန်းထဲမှာ သွားနားပါလား"

အဒေါ်ကြီးက ပင်ပန်းနွမ်းနယ်ဟန် ပေါက်နေသော မေသော့်ကို အလိုက်တသိနှင့် မေးသည် ။

ဖျတ်ခနဲ မေသော့်အကြည့် မင်းစောထွန်းထံသို့ ရောက်သွားသည် ။ အားကိုးတကြီး ကြည့် လိုက်မိသည် ။ သူမ၏ အခန်းက ဘယ်ဆီဘယ်မှာ ရှိမှန်း မသိ၍ မေသော် နားချင်သော်လည်း မသွားဝံ့ ပါ ။

"ရပါတယ်၊ ဒီမှာ ဧည့်သည် လည်း ပါလာတော့ ဧည့်ခန်းမှာ ပဲ နားမယ်"

မှ င်သေသေနှင့် မေသော် ပြောလိုက်သည် ။

"ကျွန်မ မီးဖိုမှာ လုပ်စရာရှိသေးလို့ ခွင့်ပြုပါဦး"

အဒေါ်ကြီးက ခွင့်ပန်ပြီး ဧည့်ခန်းမှ ပျောက်ကွယ်သွားပြန်သည် ။

"ဒုက္ခပါပဲ ကိုစောထွန်းရယ်"

ဖြူဖွေးသွေးဆုတ်နေသော မျက်နှာလေးနှင့် မေသော်က ညည်းတွားလိုက်သည် ။ သူမ၏ စိတ်တွေ လွန်စွာလှုပ်ရှားထိတ်လန့်နေသည် ။ မင်းစောထွန်းက မေသော်အား ကြည့်ပြီး လွန်စွာသနားမိသည် ။

လက်ကလေးကို အားပေးသည့်အနေနှင့် လှမ်း၍ ဆုပ်ကိုင်လိုက်သည် ။

"ဟင် ... မေသော့်လက်တွေ အေးစက်နေပါလားကွယ်"

"ကျွန်မ သိပ်ကြောက်နေတယ် ကိုစောထွန်း"

"ဘာကို ကြောက်တာလဲကွယ်"

"ဒီအိမ်ကိုလည်း ကျွန်မ မသိဘူး၊ နောက်ပြီး ကျွန်မရဲ့ အခန်းကကော ဘယ်မှာ လဲ မသိပါလား၊ အို သူစိမ်းဆန်လွန်းတဲ့ ဒီအိမ်ကြီးမှာ နေရမှာ ကြောက်တယ်"

"ဘာ ကြောက်စရာလိုလဲ၊ ဒါ မေသော့်အိမ်ပဲ"

"ဟင့်အင်း ... ကျွန်မ ဒီမှာ မနေချင်ဘူး"

"မေသော်ရယ် စိတ်တွေ လျှော့ထားလိုက်ပါ။ ဦးစိုးထိုက်လာရင် မေသော်ရဲ့ သံသယတွေအားလုံး ပြေလည်သွားမှာ ပါ"

မေသော်၏ လက်ကလေးနှစ်ဘက်ကို ဆုပ်ကိုင်ပြီး အားပေးနေသော မင်းစောထွန်းနှင့် မေသော်အား ဧည့်ခန်းတံခါးမှန်ချပ်မှ တစ်စုံတစ်

ယောက်က စူးရှစွာ ကြည့်နေသည် ကို သူတို့ နှစ်ဦးလုံး သတိမထားမိပါ ။

"အို ...အဲဒီ ဦးစိုးထိုက်ကိုလည်း မတွေ့ချင်တော့ပါဘူး၊ သူ့ကိုလည်း စိတ်ထဲက ကြောက်တယ်၊ မုန်း တယ်"

"ဟာ.."

မေသော်၏ စကားအဆုံးမှာ ဧည့်ခန်းထဲသို့ တိုးဝင်လာသော အရိပ်တစ်ခုကြောင့် မင်းစောထွန်း ဖျတ်ခနဲ ကြည့်လိုက်သည် ။ မားမားမတ်မတ် လျှောက်ဝင်လာသူကို တွေ့ရ၍ အံ့ဩသွားမိပါသည် ။ သန့်ပြန့်သားနား ထည်ဝါသော သူ၏ သွင်ပြင်ကြောင့် ဤအိမ်ကြီးရှင်၏ သခင်မှန်း မင်းစောထွန်း သိလိုက်ပါသည် ။

မေသော်၏ လက်ကို ဖျတ်ခနဲလွှတ်ပြီး ထိုင်ရာမှ ထရပ်လိုက်သည် ။

"ဦးစိုးထိုက် ဟုတ်ပါတယ်နော်"

"ဟုတ်ပါတယ် ဒေါက်တာ မင်းစောထွန်း၊ ကျွန်တော် ဦးစိုးထိုက်ပါ"

မေသော်၏ အကြည့်က ဒိုင်းခနဲ ဦးစိုးထိုက်ဆိုသော သူမ၏ ခင်ပွန်းဆီသို့ ရောက်သွားသည် ။ ဦးတပ်ခေါ်ရသော်လည်း သူ၏ အသက်က သုံးဆယ်ကျော်ကျော်လေးသာ ရှိဦးမည်။

အသားလတ်လတ်နှင့် တည်တည်ကြီး ချောခန့်နေသော မိမိ၏ ခင်ပွန်းဆိုသူကို စူးစိုက်ကြည့် နေပါသည် ။ ဦးစိုးထိုက်ထံမှ သံသယအကြည့် မုန်းတီးစက်ဆုပ်သော အကြည့်တွေ ရောပြွန်းနေသော အကြည့်စူးစူးကို မေသော် ရရှိလိုက်ပါသည် ။

ဖက်လှဲတကင်း သူမကို ကြိုဆိုလိမ့်မည်ဟု တမ်းတမ်းတတ မျှော်လင့်ခဲ့သော စိတ်တွေက လွင့်ပြယ်ကုန်ပါပြီ။ ခင်ပွန်းသည် ထံမှ အကြည့်စိ

မ်းစိမ်းတွေကိုသာ မေသော် ရရှိလိုက်ပါသည်။

"ဦးစိုးထိုက်ရဲ့ ဇနီးကို ကျွန်တော် အိမ်တိုင်ရာရောက် လာပို့ပါတယ် ခင်ဗျာ"

"ဩော် ... သူက ဒီအိမ်ကို ပြန်ချင်သတဲ့ လား"

"ခင်ဗျာ..."

ဦးစိုးထိုက်ထံမှ လေသံမာမာကြောင့် မင်းစောထွန်း ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

"သူ တော်တော် နေမကောင်းဖြစ်နေပါတယ် ဦးစိုးထိုက်၊ ဒါကြောင့် ဆေးရုံကို လာပြီး ဦးစိုးထိုက်ကိုခေါ်ပါလို့ အကြောင်းကြားခဲ့တာပါ"

နာကြည်းမုန်းတီးသော ခံစားမှုတွေကို ဦးစိုးထိုက်၏ မျက်ဝန်းမှာ မေသော်ရော မင်းစောထွန်းပါ တွေ့လိုက်ရသည်။ ထိုအကြည့်များ ဖြင့် မေသော်အား စူးစိုက်၍ ကြည့်နေသဖြင့် မေသော် ရင်ထဲမှာ ကြောက်စိတ်တွေ ကြီးစိုးသွားပါသည်။

"သူ မနေချင်လို့ ထွက်သွားတဲ့ ကိစ္စကို ကျွန်တော် ပြန်လိုက်ခေါ်ရမှာ လား ဒေါက်တာရယ်"

"ခင်ဗျာ"

မင်းစောထွန်းက ဒုတိယအကြိမ် ပါးစပ်အဟောင်းသားနှင့် အံ့ဩရပြန်သည်။ မေသော်၏ မျက်ဝန်းတွေလည်း အံ့ဩမှုဖြင့် ပြူးဝိုင်း သွားသည်။

"ဟင် ... ကျွန်မက ရှင့်ကို ပစ်သွားတာ ဟုတ်လား"

"ဟုတ်ပ့ါဗျာ၊ မေသော်ဆိုတဲ့ မိန်းကလေးက ကျုပ်ကိုမပေါင်းနိုင်ပါ

ဘူးဆိုပြီး စပြီး ပစ်ခွာ ပြေးသွားတာပါ”

“အို..”

သူမ ကျူးလွန်ခဲ့သည် ဆိုသည့် မမှတ်မိသော ပြစ်မှုများ အတွက် မေသော်၏ မျက်နှာငုံ့လျှိုး သွားရပါသည် ။ ဦးစိုးထိုက်၏ ဒေါကမျက်ဝန်း သံသယမျက်ဝန်းကို ရင်မဆိုင်ဝံ့လောက်အောင် ဖြစ် နေရပါသည် ။

မေသော်၏ သိမ်ငယ်နေသောမျက်နှာကို ကြည့်ပြီး မင်းစောထွန်းက သနားကရုဏာတွေ ပွားမိပါသည် ။ သူမ အနေကျပ်နေသောအခြေအနေကို ဝင်ထိန်းပေးလိုက်သည် ။

“ဦးစိုးထိုက်နဲ့ ကျွန်တော် သီးသန့်စကားပြောချင်ပါတယ်”

“ဪ ... ရပါတယ်”

ဦးစိုးထိုက်ထံမှ စူးရှသောအကြည့်တစ်ခုကို မင်းစောထွန်း ရရှိလိုက်ပါသည် ။

“စာကြည့်ခန်းကို ကြွပါ ဒေါက်တာ”

သူဌေးသူကြွယ်အိမ်ပီပီ စာကြည့်ခန်းကလည်း သပ်ရပ်ခမ်းနားနေပါသည် ။ စာကြည့်ခန်းထဲ အရောက် တန်ဖိုးရှိဟန်တူသော များ ပြားလှသည့်စာအုပ်များကို မင်းစောထွန်း တွေ့ရပါသည် ။

“ထိုင်ပါ ဒေါက်တာ”

“ဦးစိုးထိုက်ကို ကျွန်တော်တစ်ခုလောက် အစီရင်ခံပါရစေ”

“ဟုတ်ကဲ့ ပြောပါ ဒေါက်တာ”

“ဦးစိုးထိုက်ရဲ့ အိမ်ထောင်ရေး ပြဿနာကတော့ ကျွန်တော်နဲ့ ဘာမှ မသက်ဆိုင်ပါဘူး၊ ဒါပေမဲ့ မေသော်ဟာ ကျွန်တော့်ရဲ့ လူနာဖြစ်လို့ သူ့ရဲ့

ကျန်းမာရေးက ကျွန်တော်နဲ့ တိုက်ရိုက်သက်ဆိုင် နေပါတယ်”

“ဟုတ်ပါတယ် ဒေါက်တာ”

ယောကျ်ားသားနှစ်ဦး တစ်ဦးနှင့်တစ်ဦး စူးစမ်းလေ့လာသော အကြည့်တွေနှင့် ပြည့်နေကြသည်။

“ဒါကြောင့် အခုချိန်မှာ မေသော်ဟာ အတိတ်မေ့ရောဂါကို ခံစားနေရတဲ့ ဝေဒနာသည် တစ် ဦးပါ”

“အဲဒါလည်း ဖုန်းနဲ့ ဒေါက်တာအကြောင်းကြားထားလို့ ကျွန်တော် သိပြီးပါပြီ”

“အခုအချိန်မှာ သူက အတိတ်က ဖြစ်ခဲ့တာတွေကို လုံးဝမမှတ်မိရှာပါဘူး”

ဦးစိုးထိုက်က သူ့အားစူးစိုက်ကြည့်ရင်းက ခေါင်းညိတ်၍ သူ၏ စကားကို အသိအမှတ်ပြု လိုက်သည်။

“ဒါကြောင့် အခုချိန်မှာ မေသော်ကို ဒီအိမ်မှာ ပဲ နေစေပြီး သူ့ရဲ့ ကျန်းမာရေးကို ဦးစိုးထိုက် ကပဲ တာဝန်ယူပြီး ကုသစေချင်ပါတယ်”

“သူကကော ကျွန်တော့်ရဲ့ အရိပ်အာဝါသအောက်မှာ နေချင်သေးလို့လား၊ ကျွန်တော့်ရဲ့ အထောက်အပံ့ကိုကော ယူချင်သေးလို့ လား”

ခက်ထန်ပြတ်သားသော လေသံနှင့် ဦးစိုးထိုက်က မေးသည်။

“အရင်က ဘာကြီးဖြစ်ခဲ့ဖြစ်ခဲ့၊ သူ ဘယ်လိုပဲ ဆုံးဖြတ်ခဲ့ အခုချိန်မှာ သူအားကိုးရာမဲ့နေပါ တယ် ဦးစိုးထိုက်”

“ဩော် .. .ဟုတ်လား”

ဦးစိုးထိုက်၏ လေသံက ခနဲ့ သလိုပါပါပဲ၊ မင်းစောထွန်းက

မသိကျိုးကျွန်ပြုပြီး စကားဆက် လိုက်သည်။

"ဦးစိုးထိုက်က သူ့ရဲ့ ဝေဒနာတွေကို ထောက်ထားပြီး သူ့ကို ခိုလှုံခွင့်ပြုဖို့ ကျွန်တော်က မေတ္တာရပ်ခံပါတယ်"

ဦးစိုးထိုက်၏ မျက်နှာက တည်လွန်း တင်းလွန်းနေသည်။ မင်းစောထွန်း ရင်ထဲ သူ ငြင်း လိုက်မှာ ကို ပူပန်မိသည်။

"အင်းပေါ့လေ၊ ခုချိန်မှာ ကျွန်တော်က မဖြစ်မနေ လက်ခံရမှာ ပေါ့"

ဦးစိုးထိုက်စိတ်ထဲမှာ ပြေးလွှားတွေးတောနေသည်။ ခုလို မိန်းမဖြစ်သူ မမာမကျန်းဖြစ်ချိန် မှာ သူယောက်ျားပီသစွာ တာဝန်ယူသင့်သည်ဟု ဆုံးဖြတ်လိုက်မိပါသည်။

"သူ့ဘက်က ဘာတွေ ပျက်ကွက်ခဲ့ ချွတ်ယွင်းခဲ့ပေမယ့် ကျုပ်ကတော့ ယောကျ်ားပီသရမှာ ပေါ့ဗျာ၊ သူ့ရဲ့ ကျန်းမာရေးအတွက် ကျုပ်တာဝန်ယူရမှာ ပေါ့၊ အဲ..သူကျန်းမာလာရင်တော့ တစ်မျိုး ပေါ့ဗျာ"

"ကျေးဇူးတင်ပါတယ် ဦးစိုးထိုက်"

ဦးစိုးထိုက်လို့ ဦးတပ်ခေါ်နေရပေမယ့် သူ၏ အသက်က မင်းစောထွန်းထက် သုံးလေးနှစ် လောက်သာ ကြီးမည်ဟု ခန့်မှန်းမိသည်။

"နောက်ပြီး ကျွန်တော် သူ့ကို ဒီရန်ကုန်မှာ အထူးကုဆရာဝန်နဲ့ ပြချင်ပါတယ်"

"ဪ ရပါတယ်၊ ဒေါက်တာ သင့်တော်သလိုသာ စီစဉ်ပါ၊ အားလုံးပြည့်စုံအောင် လုပ်ပေးပါ့မယ်"

"ကျွန်တော် ဆရာဝန်ကြီးနဲ့ ရက်ချိန်းယူပြီး ဦးစိုးထိုက်ကို အကြောင်းကြားပါ့မယ်"

“ကောင်းပါပြီ”

“ကျွန်တော် မပြန်ခင် မေသော်နဲ့ ခဏ စကားပြောပါရစေ”

“ရပါတယ် .. ပြောပါ ဒေါက်တာ”

မင်းစောထွန်းက စာကြည့်ခန်းမှ ထွက်ခဲ့သည်။

*